**ထိုင်းဘုရင်၏ သမီးတော် မင်းသမီး ဘာဂျ်ရာကီတီယာဘာ နာရန်ဒီရာဒေဗျာဗတီ ကံတော်ကုန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် မြန်မာသံအမတ်ကြီး လက်မှတ်ရေးထိုး**
(၁၆-၆-၂၀၂၆ ရက်၊ ဗီယင်နာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဗီယင်နာမြို့ အခြေစိုက် မြန်မာသံရုံးနှင့် အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးမှ သံအမတ်ကြီး ဦးမင်းသိမ်းသည် ဗီယင်နာမြို့ရှိ ထိုင်းနိုင်ငံသံရုံးနှင့် အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးသို့ ၁၆-၆-၂၀၂၆ ရက်တွင် သွားရောက်၍ ထိုင်းဘုရင်၏ သမီးတော် မင်းသမီး ဘာဂျ်ရာကီတီယာဘာ နာရန်ဒီရာဒေဗျာဗတီ ၁၁-၆-၂၀၂၆ ရက်တွင် ကံတော်ကုန် သွားခဲ့ခြင်းအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ခဲ့သည်။

မင်းသမီး ဘာဂျ်ရာကီတီယာဘာသည် သူမတာဝန်ထမ်းဆောင်ခဲ့သည့် ရာထူးများအနက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ဗီယင်နာမြို့ အခြေစိုက် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ထိုင်းအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ စလိုဗက်သမ္မတနိုင်ငံနှင့် စလိုဗေးနီးယားသမ္မတနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။

+++++++++

**Myanmar Ambassador Signs the Book of Condolences on the Passing of Her Royal Highness Princess Bajrakitiyabha Narendiradebyavati**
(16-6-2026, Vienna)

Ambassador U Min Thein of the Embassy and Permanent Mission of the Republic of the Union of Myanmar in Vienna, Austria signed the book of condolences opened at the Royal Thai Embassy and Permanent Mission in Vienna on 16 June 2026, on the passing of Her Royal Highness Princess Bajrakitiyabha Narendiradebyavati on 11 June 2026.

Among her many distinguished appointments, Her Royal Highness Princess Bajrakitiyabha was Ambassador of the Kingdom of Thailand to the Republic of Austria, with concurrent accreditation to the Slovak Republic and the Republic of Slovenia, and Permanent Representative of the Kingdom of Thailand to the United Nations and other International Organizations in Vienna during from 2012 to 2014.



